# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ ပုံမှန်ကောင်စီအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်

ညီညွတ်သောတိုင်းရင်းသားလူမျိုးများကောင်စီ၏ ၂၀၁၂-ခုအတွက် ပုံမှန်ကောင်စီအစည်းအဝေးကို ထိုင်း-မြန်မာနယ်စပ် လွတ်မြောက်သောနေရာတနေရာ၌ ဂျူလိုင်လ ၁၆-ရက်နေ့မှ ၁၈-ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးတွင် (UNFC) အဖွဲ့ဝင် (KIO/KIA) အား ဗမာ့တပ်မတော်မှ ဆက်လက်တိုက်ခိုက်နေခြင်းနှင့် သမ္မတဦးသိန်းစိန်အစိုးရမှ ထုတ်ပြန်ထားသော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မီတီ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအစီအစဉ်အပေါ် အလေးထား ပြီးဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

သမ္မတဦးသိန်းစိန်အစိုးရသည် မိမိတို့(UNFC) မှ တင်ပြတောင်းဆိုထားသော တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးရန်ကို အလေးမထားပဲ (UNFC)အဖွဲ့ဝင်(KIO/KIA)အား ယနေ့အထိတိုက်ခိုက်နေပါသည်။ ထို့အပြင်အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ် သော (UNFC)အဖွဲ့ဝင် (SSPP/SSA-N)၏ အခြေခံစခန်းတခုကိုလည်း လက်နက်ကြီးမျိုးစုံသုံးပြီး ဇွန်လ ကုန်ပိုင်းက တိုက်ခိုက်သိမ်းယူခဲ့ပါသည်။ ဤသည်တို့မှာ ဦးသိန်းစိန်အစိုးရမှ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရိုးသား မှန်ကန် သစ္စာရှိစွာ လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း ဖော်ပြနေပါသည်။ထိုသို့ရိုးသားမှန်ကန်မှုမရှိသော ဦးသိန်းစိန်အစိုးရအပေါ် လူမျိုးစုံပြည်သူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအရေးကို ကူညီအားပေးလိုသောနိုင်ငံတကာအဖွဲ့အစည်းများနှင့်အစိုးရများမှ ယုံကြည်အားပေးထောက်ခံမှုအလျင်စလိုမပြုကြရန်တိုက်တွန်းပန်ကြားလိုပါသည်။ဤသို့သောအခြေအနေမျိုးတွင်အေးချမ်းတည်ငြိမ်မှု ရနိုင်မည်မဟုတ်သဖြင့် နိုင်ငံတကာမှစီးပွားရေးမြှုပ်နှံမှုများကိုလုပ်ရန်မသင့်သေးကြောင်းပန်ကြားလိုပါသည်။ မိမိတို့၏အခြေခံစခန်းကို လာရောက်တိုက်ခိုက်သဖြင့် ပြန်လည်ခုခံ တိုက်ခိုက်နေရသော(KIO/KIA) နှင့် (SSPP/SSA-N) တို့အပေါ် (UNFC) အဖွဲ့ဝင်အားလုံးမှ အပြည့်အဝ ထောက်ခံပါသည်။

သမ္မတဦးသိန်းစိန်အစိုးရမှ ၂၀၁၂-ခု မေလဆန်းတွင် ထုတ်ပြန်ထားသော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မီတီ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအစီအစဉ်တွင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအား- **ပါတီထူထောင်၍ရွေးကောက်ပွဲဝင်ရေး၊ ၂၀၀၈-ဖွဲ့စည်းပုံ အခြေခံဥပဒေအား လက်ခံရန်နှင့် ပြင်ဆင်လိုသည့်ကိစ္စများရှိပါက လွှတ်တော်အတွင်း၌ အများ သဘောတူဆန္ဒနှင့်အညီ**

**ဆောင်ရွက်ရေး** စသည်တို့သည် တန်းတူပြီးလွတ်လပ်သော တွေ့ဆုံဆွေးနွေးရေး အစီအစဉ်မဟုတ်သဖြင့် မိမိတို့(UNFC) အဖွဲ့ဝင်များမှ လက်မခံနိုင်ပါ။

အပြန်အလှန်သံသယရှိနေကြသော အင်အားစုနှစ်ခုအကြား နှစ်ဖက်စလုံးလက်ခံပြီး ပြေပြစ်အောင် မြင်နိုင်သောတွေ့ဆုံ ဆွေးနွေးရေးအစီအစဉ်မှာ-

(၁) ဘက်တဖက်မှသြဇာလွှမ်းမိုးခြင်းမရှိနိုင်သောလွတ်လပ်သည့်နေရာမျိုးတွင်ဆွေးနွေးရန်။

(၂) ငြိမ်းချမ်းရေးဆွေးနွေးနေသည့်ကာလတလျှောက်တွင် ဘက်လိုက်မှုကင်းသည့် နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့ထားရှိရန်။

(၃) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်နှင့် (UNFC) အဖွဲ့ဝင်များအပါအဝင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးမှကိုယ်စားလှယ်များ အတူတကွတွေ့ဆုံဆွေးနွေးကြရန်။

(၄) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားအသိပညာရှင် အတတ်ပညာရှင်များပါဝင်သော တိုင်းရင်းသားလူမျိုးစုံညီလာခံတခုခေါ်ယူကျင်းပရန်။ (အခြားအင်အားစုများမှလည်း ၎င်းတို့အစုအတွင်းအထက်ပါညီလာခံမျိုးကျင်းပလိုက ကျင်းပခွင့်ရှိရမည်။)

(၅) တိုင်းရင်းသားအင်အားစုများ၏ကိုယ်စားလှယ်၊ ဒီမိုကရေစီအင်အားစုများ၏ကိုယ်စားလှယ်နှင့် အစိုးရကိုယ်စားလှယ်တို့ အချိုးညီပါဝင်ပြီးအင်အားစုအားလုံးလက်ခံနိုင်သောပုံစံဖြင့် ကျယ်ပြန့်သည့်အမျိုးသားညီလာခံကြီးတရပ်ကို ကျင်းပသွားရန်ဖြစ်သည်။

(၆) ထိုညီလာခံကြီးမှသဘောတူချမှတ်သောဆုံးဖြတ်ချက်များကို တမျိုးသားလုံး၏သဘောတူညီချက်အဖြစ် အသိအမှတ်ပြုပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ လက်ခံလုပ်ဆောင် အကောင်အထည်ဖေါ်သွားရန်။

(၇) ဤလုပ်ငန်းစဉ်များကို ၂၀၁၅-ခု ရွေးကောက်ပွဲမကျင်းပမီ အပြီးလုပ်ဆောင်သွားရန်။

ဤသို့ဖြင့်ပြေပြစ်ချောမွေ့သည့်အပြောင်းအလဲနှင့် စည်းလုံးညီညွတ်သော ဒီမိုကရေစီပြည်ထောင်စု နိုင်ငံသစ်ကိုဖေါ်ဆောင်နိုင်မည်ဖြစ်ကြောင်း (UNFC) ၏သဘောထားကို ထုတ်ပြန်ကျေညာအပ်ပါသည်။

၁၃၇၄-ခု ဒုတိယဝါဆိုလဆန်း (၄)ရက်၊ — ကောင်စီအဖွဲ့ဝင်များ

၂၀၁၂-ခု ဇူလိုင်လ (၂၂) ရက်၊ — ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ